‘ကဗရ်သင်္ချိုင်းသည် အာခိရသ်နောင်တမလွန်၏ ပထမဆုံးသောစခန်းနေရာဖြစ်၏။ အကယ်၍ လူတစ်ဦးသည် ၎င်း(ကဗရ်)မှ

လွတ်မြောက်ခဲ့လျှင် ၎င်းနောက်ပိုင်းသည် ၎င်းထက်

ပိုမိုလွယ်ကူ၏။ အကယ်၍ ၎င်းမှ မလွတ်မြောက်ခဲ့လျှင်၎င်းနောက်ပိုင်းသည် ၎င်းထက် ပိုမိုပြင်းထန်သည်’ ဟုမိန့်ကြားထားတော်မူ‌ကြောင်း ဖြေကြားခဲ့သည်။

ဟာနီ (အွတ်စ်မားန် ရဿွိယလ္လာဟုအန်ဟု သူကောင်းပြုထားသည့်ကျွန်) က ပြောပြသည်–
အွတ်စ်မားန် ရဿွိယလ္လာဟုအန်ဟုသည် ကဗရ်သင်္ချိုင်းတစ်ခုအနား ရပ်သည့်အခါ
မိမိ၏မုတ်ဆိတ်မွေးများ စိုရွှဲသွားသည်အထိ ငိုကြွေးလေ့ရှိသည်။ ထိုအခါ သူ့အား “အသင်သည် ဂျန္နသ်နှင့် ဂျဟန္နမ်ငရဲကို တင်ပြခြင်းခံရလျှင် (ထိုမျှ) မငိုဘဲဤကဗရ်သင်္ချိုင်း(ကိုမြင်ရင်) ငိုရခြင်းမှာ အဘယ့်ကြောင့်နည်း” ဟု
မေးခြင်းခံရလေရာ၊ ၎င်းက “အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) က ‘ကဗရ်သင်္ချိုင်းသည် အာခိရသ်နောင်တမလွန်၏
ပထမဆုံးသော စခန်းနေရာဖြစ်၏။ အကယ်၍ လူတစ်ဦးသည် ၎င်း(ကဗရ်)မှ လွတ်မြောက်ခဲ့လျှင်
၎င်းနောက်ပိုင်းသည် ၎င်းထက် ပိုမိုလွယ်ကူ၏။ အကယ်၍ ၎င်းမှ မလွတ်မြောက်ခဲ့လျှင်
၎င်းနောက်ပိုင်းသည် ၎င်းထက် ပိုမိုပြင်းထန်သည်’ ဟု မိန့်ကြားထားတော်မူ‌ကြောင်း
ဖြေကြားခဲ့သည်။
[حسن] [رواه الترمذي وابن ماجه]

အမီရွလ်မုအ်မိနီးန် အွတ်စ်မားန်ဗင်န်အတ်ဖ်ဖားန် (ရဿွိယလ္လာဟုအန်ဟု) သည်ကဗရ်သင်္ချိုင်းတစ်ခုအနီး၌ ရပ်သည့်အခါ မိမိ၏မုတ် ဆိတ်မွေးများသည်မျက်ရည်များဖြင့်စိုရွှဲသွားသည်အထိ ငိုကြွေးလေ့ရှိသည်။ထိုအခါ သူ့အား “အသင်သည် ဂျန္နသ်နှင့်ဂျဟန္နမ်ငရဲကို တင်ပြခြင်းခံရလျှင် ဂျန္နသ်ကို အောက် မေ့တမ်းတစိတ်ဖြင့်လည်းကောင်း၊ဂျဟန္နမ်ငရဲကို ကြောက်ရွံ့သောစိတ်ဖြင့်လည်း ကောင်း(ထိုမျှ) မငိုဘဲဤကဗရ်သင်္ချိုင်း(ကိုမြင်ရင်) ငိုရခြင်းမှာ အဘယ့်ကြောင့်နည်း” ဟု မေးခြင်းခံရလေသည်။ထိုအခါ ၎င်းက “အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) က ‘ကဗရ်သင်္ချိုင်းသည် အာခိရသ်နောင်တမလွန်၏ ပထမဆုံးသော စခန်းနေရာဖြစ်၏။ အကယ်၍လူတစ်ဦးသည် ၎င်း(ကဗရ်)မှ လွတ်မြောက်ခဲ့လျှင် ၎င်းနောက် တွင်ရှိသောစခန်းများသည်၎င်းထက် ပိုမိုလွယ်ကူ၏။ အကယ်၍ ၎င်း၏ အဇားဗ်ပြစ်ဒဏ်မှ မလွတ်မြောက်ခဲ့လျှင် ၎င်းနောက်တွင်ရှိသော ပြစ် ဒဏ်သည် ၎င်းထက် ပိုမိုပြင်းထန်သည်’ ဟု မိန့်ကြားထားတော်မူ‌ ကြောင်းဖြေကြားခဲ့သည်။

http://www.sunnah.global/hadeeth/my/show/11205